# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၆၀ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

( ၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက် )

## မြန်မာ – ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာ – ထိုင်း နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်မှချမှတ်ပေးသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **“ မြန်မာ – ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | သံအမတ်ကြီး<br>မြန်မာသံရုံး၊ ဗန်ကောက်မြို့ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | တပ်မှူး<br>ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | အကြံပေးပုဂ္ဂိုလ်တစ်ဦး | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး<br>နယ်နိမိတ်ဌာန<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ထ) | ကိုယ်စားလှယ်တစ်ဦး<br>နယ်နိမိတ်ဌာန<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာ – ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချမှတ်ပေးသော မူဝါဒဘောင်အတွင်း မြန်မာ-ထိုင်း နယ်နိမိတ်များ တိုင်းတာသတ်မှတ်ရေး၊ မြစ်၊ ချောင်းရေအသုံးချရေး၊ မြစ်၊ ချောင်းအတွင်း သွားလာရေးတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံအခြေခံသဘောတူညီချက်များ ရရှိရေးအတွက် နည်းလမ်းရှာဖွေရေးကိစ္စတို့ကို တာဝန်ယူဆောင်ရွက်ရန်၊

(ခ) ထိုင်းအစိုးရကိုယ်စားလှယ်အဖွဲ့နှင့်ညှိနှိုင်းရရှိမှုကို အခြေပြု၍ နယ်နိမိတ်သတ်မှတ်ခြင်း၊ မြစ်၊ ချောင်းရေအသုံးချခြင်း၊ မြစ်၊ ချောင်းအတွင်း သွားလာခြင်းတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံအခြေခံသဘောတူညီချက်များရရှိရေးအတွက် နည်းလမ်းများ ရှာဖွေရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ရန်၊

(ဂ) မြန်မာ-ထိုင်း နယ်နိမိတ်များတိုင်းတာသတ်မှတ်ရေးနှင့်ပတ်သက်၍ နယ်နိမိတ်စာချုပ်များ ရေးဆွဲချုပ်ဆိုနိုင်သည်အထိ လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန်၊

(ဃ) မြန်မာ-ထိုင်း နယ်နိမိတ်အတွင်း ပါဝင်နေသည့် နယ်နိမိတ် မြစ်၊ ချောင်းများမှ ရေအသုံးချရေး၊ မြစ်၊ ချောင်းအတွင်း သွားလာရေးကိစ္စတို့နှင့်ပတ်သက်၍ လိုအပ်သည့် စာချုပ်ရေးဆွဲချုပ်ဆိုရေးကိစ္စများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(င) နယ်နိမိတ်တိုင်းတာရေးအဖွဲ့များ၊ စီမံခန့်ခွဲရေးအဖွဲ့များနှင့် လုပ်ငန်းအရလိုအပ်သော အခြားအဖွဲ့ဝင်များကို ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် ယင်းအဖွဲ့များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ စည်းကမ်းများ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်ရန်၊

(စ) မြန်မာ-ထိုင်း နယ်နိမိတ်သတ်မှတ်ခြင်း၊ မြစ်၊ ချောင်းရေအသုံးချခြင်း၊ မြစ်၊ ချောင်းအတွင်း သွားလာခြင်းကိစ္စတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံအခြေခံသဘောတူညီချက်များရရှိရေးအတွက် နည်းလမ်းများရှာဖွေရာတွင် အခက်အခဲပေါ်ပေါက်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်၊

(ဆ) မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီဝင်အသစ်များ၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားလိုပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြရန်၊

(ဇ) မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ခန့်မှန်းခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းတောင်းခံရန်နှင့် ခွင့်ပြုချက်ရရှိသောရန်ပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ခွဲဝေသုံးစွဲရန်၊

(ဈ) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်ရန်လိုအပ်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏**သ**ဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၁၉ – ၉ – ၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅ / ၂၀၁၆ နှင့် ၂၃ – ၄ – ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃ / ၂၀၁၉ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ